# မန္တလေးတိုင်းဒေသကြီး မီးဘေးနှင့် သဘာဝ
# ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းဥပဒေ

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၇ |
| ၂ | အခန်း(၂) | ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ | ၈ | ၉ |
| ၃ | အခန်း(၃) | တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်း တာဝန်များ | ၉ | ၁၀ |
| ၄ | အခန်း(၄) | ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ | ၁၀ | ၁၂ |
| ၅ | အခန်း(၅) | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု | ၁၃ | ၁၆ |
| ၆ | အခန်း(၆) | သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာခြင်း | ၁၆ | ၁၈ |
| ၇ | အခန်း(၇) | သဘာဝဘေးအန္တရာယ် မကျရောက်မီ အဆင့်တွင် ဘေးအန္တရာယ်လျှော့ပါး သက်သာစေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ | ၁၈ | ၂၂ |
| ၈ | အခန်း(၈) | သဘာဝဘေးအန္တရာယ်ကျရောက်နေသည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်အခြေအနေ တုန့်ပြန်မှုလုပ်ငန်းများ | ၂၃ | ၃၀ |
| ၉ | အခန်း(၉) | သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး | ၃၀ | ၃၃ |
| ၁၀ | အခန်း(၁၀) | နိုင်ငံတကာအကူအညီများရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၃၃ | ၃၇ |
| ၁၁ | အခန်း(၁၁) | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ | ၃၇ | ၄၀ |
| ၁၂ | အခန်း(၁၂) | အထွေထွေ | ၄၀ | ၄၂ |

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး**

**နည်းဥပဒေများ**

**(မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းဥပဒေအမှတ်၊ ၁/၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက်)**

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မန္တလေးတိုင်းဒေသကြီး **မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည်မန္တလေးတိုင်းဒေသကြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဥပဒေတွင်ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာမန္တလေးတိုင်းဒေသကြီးမီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဥပဒေကို ဆိုသည်။

(ခ) **သဘာဝဘေးအန္တရာယ်** ဆိုသည်မှာ သဘာဝအလျှောက်ဖြစ်စေ၊ လူတို့ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင် ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ပင်လယ်ရေကြောင်း အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့်သော်လည်းကောင်း၊ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများ ပျက်စီးခြင်း၊ ငတ်မွတ်ခေါင်းပါးမှုဖြစ်ခြင်း၊ လူ သို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်းကြောင့်သော်လည်းကောင်း၊ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင် သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့်သော်လည်းကောင်း၊ စက်မှုလုပ်ငန်းကြောင့်

ဖြစ်စေ၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ အဏုမြူကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်းကြောင့်ဖြစ်စေ၊သဘာဝဓာတ်ငွေ့ယိုစိမ့်ခြင်းကြောင့်ဖြစ်စေ အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့် သော်လည်းကောင်း၊အများပြည်သူ၏အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများကို ဆိုသည်။ ယင်းစကားရပ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီက သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်သည့် အခြားဘေးအန္တရာယ်တစ်ခု ခု လည်းပါဝင်သည်။

(ဂ) **သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုလျော့ပါးနိုင်သမျှလျော့ပါးနိုင်ရေး အတွက်သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့်ကြိုတင်ကာကွယ်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက်ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရပ်များတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအမံများထည့်သွင်းဆောင်ရွက်သည့်လုပ်ငန်းများကိုလည်းကောင်း ဆိုသည်။

(ဃ) **သဘာဝဘေးအန္တရာယ် မကျရောက်မီအဆင့်** ဆိုသည်မှာ သဘာဝဘေးအန္တရာယ် မဖြစ်ပွားမီအချိန်ကာလဖြစ်ပြီး ထိုကာလတွင်သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုလျော့နည်း သက်သာစေရန် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဆင့်ကို ဆိုသည်။

(င) **ကြိုတင်ကာကွယ်ရေး** ဆိုသည်မှာ ဘေးအန္တရာယ်များ၊ ယင်းဘေးအန္တရာယ်များနှင့် ဆက်စပ်နေသော သဘာဝဘေးအန္တရာယ်များ၏ ဆိုးရွားသောသက်ရောက်မှုများကို ရှောင်ရှားနိုင်ရန် သဘာဝဘေးအန္တရာယ် မဖြစ်ပွားမီအဆင့်တွင်လုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေလွှမ်းမိုးမှုကြောင့်ဆုံးရှုံးနိုင်ခြေကိုကာကွယ်ထားသည့် ရေကာတာများနှင့်တမံများ၊ ဘေးဖြစ်နိုင်ခြေမြင့်မားသော ဒေသများတွင် အခြေချနေထိုင်မှုကို ခွင့်မပြုသော မြေယာအသုံးချမှုစည်းမျဉ်း

စည်းကမ်းများ၊ လျှော့ချရေး လုပ်ငန်းများ၊ လျှော့ချရေး လုပ်ငန်းမှ အရေးကြီးသောအဆောက်အအုံများ ဘေးကင်းရေးအတွက် လျော်ဆိုင်ရာ အင်ဂျင်နီယာဒီဇိုင်းများ စသည်တို့ပါဝင်သည်။

(စ) **ကြိုတင်ပြင်ဆင်ရေး** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကို ကြိုတင် ခန့်မှန်းနိုင်ခြင်း၊ တုံ့ပြန်ခြင်း၊ သက်ရောက်မှုကို ဖြေရှင်းဆောင်ရွက်ခြင်းများပြုလုပ်နိုင်စွမ်း တိုးမြင့်စေသည့် လုပ်ငန်းများကို ဆိုသည်။

(ဆ) **ကြိုတင်သတိပေးချက်** ဆိုသည်မှာ ကျရောက်လတ္တံ့သောဘေးအန္တရာယ်တစ်ခုခုကို တွေ့ကြုံခံစားရနိုင်သည့် ရပ်ရွာလူထုအဖွဲ့အစည်းများ၏ ထိခိုက်ဆုံးရှုံးနိုင်မှု လျော့ချရေးကို ဆောင်ရွက်နိုင်ရန်နှင့်ကြိုတင်ပြင်ဆင်နိုင်ရန်အချိန်မီ ထိရောက်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် ဖြန့်ဝေခြင်းကို ဆိုသည်။

(ဇ) **အရေးအပေါ်အခြေအနေအဆင့်** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရသူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ စတင်သည့်အဆင့်ကို ဆိုသည်။

(ဈ) **သဘာဝဘေးအန္တရာယ်ကျရောက်ပြီးအဆင့်** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အဆင့်ကိုဆိုသည်။

(ည) **ရှာဖွေကယ်ဆယ်ရေး** ဆိုသည်မှာ သဘာဝဘေးအန္တရာယ် ဖြစ်ရပ်တစ်ခု ကြောင့် ဘေးအန္တရာယ်ရောက်ရှိနေသော သို့မဟုတ် ဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသော လူများ၊ တိရစ္ဆာန်များ၊ လေယာဉ်များ၊ သင်္ဘောများနှင့် အခြားယာဉ်များကို ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ကနဦးဆေးကုသခြင်း သို့မဟုတ် အခြားလိုအပ်သည်များကို အကူအညီပေးခြင်းနှင့်ဘေးကင်းရာသို့ ပို့ဆောင်ပေးခြင်းကို ဆိုသည်။

(ဋ) **အရေးပေါ်အကူအညီ** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနေစဉ်နှင့်ဖြစ်ပွားပြီးနောက် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရသူများအတွက် စားနပ်ရိက္ခာ၊ အာဟာရ၊ သောက်ရေ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးပစ္စည်းများ၊ဆေးဝါးကုသမှုပေးခြင်းနှင့် ယာယီခိုလှုံရာနေရာများသို့ ပို့ဆောင်ပေးခြင်း အစရှိသည့် အရေးပေါ်ကူညီထောက်ပံ့ပေး ခြင်းကို ဆိုသည်။

(ဌ) **အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး** ဆိုသည်မှာ ထိခိုက်ခံရသည့်သူများအား ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊အရေးပေါ်အကူအညီပေးခြင်း၊စိတ်ဓာတ်ရေးရာအရအားပေးနှစ်သိမ့်ခြင်း၊ ဘေးကင်းလုံခြုံရေးကိစ္စများ ဆောင်ရွက်ပေးခြင်းနှင့် ပျက်စီးဆုံးရှုံးမှု ဆန်းစစ်ခြင်းတို့ကိုဆိုသည်။

(ဍ) **ဘေးလွတ်ရာနေရာ** ဆိုသည်မှာ သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေ အဆင့်တွင် သဘာဝဘေးအန္တရာယ်လွတ်ကင်းသော နေရာဒေသသို့ရွှေ့ပြောင်း လာသူများ လက်တလောခိုလှုံနိုင်ရန်အတွက် ကြိုတင်ရွေးချယ်ထားသော အိမ်များ၊ အဆောက်အအုံများ၊ အသက်ကယ်ကုန်းမြင့်များ၊ သဘာဝတောင်ကုန်းများ သို့မဟုတ် အများပြည်သူဆိုင်ရာ နေရာများကိုဆိုသည်။

(ဎ) **ယာယီခိုလှုံရာနေရာ** ဆိုသည်မှာ ဘေးသင့်သူများအတွက်ခေတ္တခိုလှုံနိုင်သည့် ယာယီတဲများ၊ အိမ်များနှင့် အဆောက်အအုံ များကဲ့သို့သော နေရာမျိုးကို ဆိုသည်။

(ဏ) **ဓာတ်တိုက်လေ့ကျင့်ခြင်း** ဆိုသည်မှာ သဘာဝဘေးအန္တရာယ် ကျရောက်လာသည့်အခါ ဘေးသင့်သူများ ထိခိုက်သေကြေပျက်စီး ဆုံးရှုံးမှု လျော့နည်းသက်သာစေရန်အတွက် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို အဆင့်ဆင့်သောသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များနှင့် ပြည်သူများပူးပေါင်း၍ သဘာဝဘေးအန္တရာယ်မကျရောက်မီ အဆင့်တွင် ကြိုတင်လေ့ကျင့်ခြင်းကို ဆိုသည်။

(တ) **ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှု** ဆိုသည်မှာ အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများရှာဖွေစုဆောင်းခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ထောက်ပံ့ခြင်းတို့ကိုလည်းကောင်း ယာယီခိုလှုံရာနေရာများ စီစဉ်ဆောက်လုပ်ပေးခြင်း တို့ကိုလည်းကောင်း ကွင်းဆက်မပြတ်ထောက်ပံ့ဖြည့်ဆည်းမှုစနစ်ဖြင့် အချိန်မီဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ထ) **ကွင်းဆက်မပြတ် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှု** ဆိုသည်မှာ တာဝန်ပေးခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရသူများ အတွက် လိုအပ်သည့်အရေးပေါ်ကူညီထောက်ပံ့ရေး ပစ္စည်းများကို ရှာဖွေစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားသောကွန်ယက်စနစ်ဖြင့် ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ဒ) **ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ** ဆိုသည်မှာ သဘာဝ ဘေးအန္တရာယ်ကြောင့် ရပ်ရွာလူထုအဖွဲ့အစည်းတစ်ခုက အနာဂတ်တွင်တွေ့ကြုံနိုင်သော အသက်ဆုံးရှုံးနိုင်မှု၊ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်ပစ္စည်းများ၊ အခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုများနှင့် သဘာဝပတ်ဝန်းကျင်တို့ ထိခိုက်ဆုံးရှုံးနိုင်မှုများကို ဆိုသည်။

(ဓ) **ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေး** ဆိုရာတွင်သဘာဝ ဘေးအန္တရာယ်ကို ဖြစ်ပေါ်စေသော အရာများကို စိစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို စနစ်တကျဆောင်ရွက်ခြင်း၊ ထိတွေ့နိုင်မှုကို လျှော့ချခြင်း၊ ရပ်ရွာလူထုများနှင့်၎င်းတို့၏ ပိုင်ဆိုင်ပစ္စည်းများ ထိခိုက်ခံရလွယ်မှုကို လျှော့နည်းစေခြင်း၊ သဘာဝ ပတ်ဝန်းကျင်နှင့် မြေယာစီမံခန့်ခွဲမှုကို အမြော်အမြင်ကြီးစွာ ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်များအတွက် ပိုမို ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ခြင်း စသည်တို့ပါဝင်သည်။

(န) **ဘေးအန္တရာယ်လျော့ပါးသက်သာစေရေး** ဆိုသည်မှာဘေးအန္တရာယ်များနှင့် ယင်းတို့ကြောင့်ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန် ဆောင်ရွက်သည့်အမျိုးမျိုးသော မဟာဗျူဟာများနှင့်လုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အင်ဂျင်နီယာဆိုင်ရာနည်းပညာရပ်များနှင့်ဘေး အန္တရာယ်ဒဏ်ခံနိုင်သည့် ဆောက်လုပ်မှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ၊ အများပြည်သူသိရှိစေရန်ဆောင်ရွက်မှုများ စသည်တို့ ပါဝင်သည်။

(ပ) **ထိခိုက်ခံရလွယ်မှု** ဆိုသည်မှာ ဘေးအန္တရာယ်၏ဖျက်ဆီးမှု ဒဏ်ကိုခံရနိုင်ဖွယ်ရာရှိသည့် ရပ်ရွာအသိုက်အဝန်း၊ ပစ္စည်းဥစ္စာတို့၏ သွင်ပြင်လက္ခဏာများနှင့် အခြေအနေများ၊ ရုပ်ပိုင်း၊စိတ်ပိုင်း၊ လူမှုရေးပိုင်း၊ စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအကြောင်းများကိုဆိုသည်။

(ဖ) **ထိခိုက်ခံရလွယ်သူများ** ဆိုသည်မှာ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နေရာဒေသများတွင် နေထိုင်သူများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မကျန်းမာသူများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို ဆိုသည်။

(ဗ) **ပြန်လည်ထူထောင်ရေး** ဆိုသည်မှာ သဘာဝဘေးအန္တရာယ် တစ်ခုခု သို့မဟုတ် အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကြောင့် ပြတ်တောက်သွားသောသို့မဟုတ် ထိခိုက်ပျက်စီးသွားသော အဓိကဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်ပြုပြင်ခြင်းနှင့်

ပြန်လည်ထူထောင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရသူများ၏ ဘဝနေထိုင်မှုအခြေအနေများကို အလျင်အမြန် ပြန်လည်ထိန်းသိမ်းပေးသည့် လုပ်ငန်းများကိုဆိုသည်။

(ဘ) **ပြန်လည်တည်ဆောက်ရေး** ဆိုသည်မှာ ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး အစီအမံများကို ထည့်သွင်းစဉ်းစားပြီး အိုးအိမ်များနှင့် အခြားအခြေခံ အဆောက်အဦးများဆောက်လုပ်ခြင်း၊ ဝန်ဆောင်မှုများကို အပြည့်အဝ ပြန်လည်ဆောင်ရွက်ခြင်း နှင့် သဘာဝဘေးအန္တရာယ်မကျရောက်မီ အခြေအနေသို့ ပြန်လည် ရောက်ရှိစေခြင်း အစရှိသည့် လုပ်ငန်းများကို ဆိုသည်။

(မ) **ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်** ဆိုသည်မှာ လူများ၊ ပိုင်ဆိုင်ပစ္စည်းများ၊ အသက်မွေးဝမ်းကျောင်းမှုများနှင့်၎င်းတို့မှီခိုနေရသောပတ်ဝန်းကျင်တို့အပေါ်တွင် ခြိမ်းခြောက်မှုနှင့်ထိခိုက်မှုတို့ကို ဖြစ်စေနိုင်သည့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ၏ သဘာဝနှင့်ပမာဏကို သိရှိနိုင်ရန်အတွက် ကျရောက်နိုင်သောဘေး အန္တရာယ်များကို လေ့လာသုံးသပ်ခြင်းနှင့် လတ်တလောရှိနေသော ထိခိုက်ခံရလွယ်မှု၊ စွမ်းဆောင်နိုင်မှုတို့ကို အကဲဖြတ်သော လုပ်ငန်းစဉ်များကို ဆိုသည်။

(ယ) **ဘေးသင့်ဒေသ** ဆိုသည်မှာ နိုင်ငံတော်တစ်ဝန်းလုံးတွင်ဖြစ်စေ၊ နိုင်ငံတော်၏ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသကို ဆိုသည်။

(ရ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာအစိုးရကဖွဲ့စည်းထားသော သဘာဝ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီနှင့် အခြားလိုအပ်သော လုပ်ငန်းကော်မတီတစ်ခုခုကို ဆိုသည်။

(လ) **တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းသော တိုင်းဒေသကြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ကိုဆိုသည်။

(ဝ) **ခရိုင်စီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းသော ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ကိုဆိုသည်။

(သ) **မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းသော မြို့နယ် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ကိုဆိုသည်။

(ဟ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့ကဖွဲ့စည်းသော ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကို ဆိုသည်။

(ဠ) **ဦးစီးဌာန** ဆိုသည်မှာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနကို ဆိုသည်။

(အ) **နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရေး တာဝန်ခံ** ဆိုသည်မှာ ဥပဒေနှင့် ဤနည်းဥပဒေများပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် လိုအပ်ပါ က နိုင်ငံတကာမှ အကူအညီ ပေးရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသအတွင်း အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများမှ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆက်သွယ်ရာတွင် တာဝန်ခံအဖြစ် ဆောင်ရွက်ရန် အမျိုးသားကော်မတီက သတ်မှတ်တာဝန်ပေးအပ်ထားသည့် ဝန်ကြီးဌာန သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုသည်။

(ကက) **နိုင်ငံတကာအကူအညီပေးသူများ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများမှ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအခြား အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် စေတနာရှင်များကိုဆိုသည်။

(ခခ) **တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကော်မတီကသော်လည်းကောင်း၊ ဥပဒေနှင့် ဤနည်းဥပဒေများအရသော်လည်းကောင်း၊ တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တို့ကိုလည်းကောင်း၊အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကိုလည်းကောင်း၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊စေတနာရှင်များနှင့် လုပ်အားပေးများကိုလည်းကောင်း ဆိုသည်။

# အခန်း(၂)

## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၃။ ဝန်ကြီးဌာနသည် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်လျော့ပါးသက်သာစေရေးအလို့ငှာ အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဒေသတွင်းဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို လေ့လာသုတေသနပြုလုပ်ပြီး တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်၊ တည်မြဲအမိန့်နှင့် အခြားလိုအပ်သည့် အစီအစဉ်များကို ရေးဆွဲတင်ပြစေရန် ဦးစီးဌာနအား တာဝန်ပေးအပ်ရမည်။

၄။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃ အရ ရေးဆွဲတင်ပြသော တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်၊ တည်မြဲအမိန့်နှင့် အခြားလိုအပ်သည့် အစီအစဉ်များကို စိစစ်၍ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ပြီး လုပ်ငန်းကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အတည်ပြုနိုင်ရန် တင်ပြရမည်။

၅။ ဝန်ကြီးဌာနသည်-

(က) တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ လျင်မြန်စွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်ရေး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) အစိုးရအဖွဲ့က ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းများတွင် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေး အစီအမံများကို တစ်ပါတည်း ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာအကူအညီ တောင်းခံလာပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်၍ ပံ့ပိုးပေးရမည့်အပြင် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံရမည်။

၆။ သဘာဝဘေးအန္တရာယ်ပေါ်ပေါက်လာသည့်အခါ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနကို တည်ထောင်ထားရမည်။ လိုအပ်ပါက ဘေးသင့်ဒေသရှိ သင့်လျော်သောနေရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ယာယီဗဟိုဌာနခွဲကိုဖြစ်စေ၊ နယ်လှည့် ဗဟိုဌာနခွဲကိုဖြစ်စေ တည်ထောင်၍ ဆောင်ရွက်နိုင်သည်။

၇။ ဝန်ကြီးဌာနသည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ သင့်လျော်သော ဝန်ထမ်းများကို တာဝန်ပေးရမည်။

## အခန်း(၃)

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ

၈။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ကြိုတင်ရရှိရေး၊ ဒေသတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မည့် အခြေအနေနှင့်အလားအလာတို့ရှိပါက ကြိုတင်သတိပေးချက် ထုတ်ပြန်နိုင်ရေးနှင့် ကြိုတင်သတိပေးချက် ထုတ်ပြန်သည့်အခါ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် ဒေသရှိပြည်သူများကို ဘေးလွတ်ရာနေရာသို့ အချိန်မီ ရွှေ့ပြောင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ သက်ဆိုင်ရာလုပ်ငန်း ဆပ်ကော်မတီများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ကော်မတီက ထုတ်ပြန်ထားသော တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်ကိုလည်းကောင်း၊ ကော်မတီကအတည်ပြုချမှတ်ထားသောဒေသအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်ကိုလည်းကောင်း အခြေခံပြီး မိမိတို့နှင့် လိုက်လျောညီထွေရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတည်မြဲအမိန့် အသီးသီးကို ထုတ်ပြန်ထားရမည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်-

(က) တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကော်မတီက အတည်ပြုထားသော မိမိတို့၏ဌာန၊ အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) မိမိတို့ထုတ်ပြန်ထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့်နှင့်အညီ သက်ဆိုင်ရာ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ

နှင့် ညှိနှိုင်းပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

၁၁။ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို လုပ်ငန်းကော်မတီနှင့် အစိုးရအဖွဲ့ဗဟိုကော်မတီသို့ အခါအားလျော်စွာ တင်ပြရမည်။

## အခန်း(၄)

## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၂။ ဦးစီးဌာနသည် လုပ်ငန်းကော်မတီနှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်နှင့် အစီအစဉ်များကို ဦးစီးဌာနအနေဖြင့်လည်းကောင်း၊ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့များ၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လည်းကောင်းရေးဆွဲပြီး ဝန်ကြီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးကော်မတီသို့ တင်ပြခြင်း။

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်၊ တည်မြဲအမိန့် နှင့် အခြားလိုအပ်သည့် အစီအစဉ်များကို ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့် ကိုက်ညီစေရန် ပြန်လည်သုံးသပ် ပြင်ဆင်ရေးဆွဲပြီး ကော်မတီက အတည်ပြုချမှတ်နိုင်ရန် အနည်းဆုံး နှစ်နှစ်လျှင် တစ်ကြိမ် ဝန်ကြီးဌာနမှတစ်ဆင့် တင်ပြခြင်း။

(ဂ) ဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးဌာန၊ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများကဖြစ်စေ၊ တိုင်းဒေသကြီး စီမံခန့်ခွဲ မှုအဖွဲ့များကဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်သည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်၊ တည်မြဲအမိန့်နှင့် အစီအစဉ်များရေးဆွဲရေးအတွက် အကူအညီတောင်းခံလာသည့်အခါ လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများပေးခြင်း။

(ဃ) နည်းဥပဒေ ၁၂(က)ပါ စီမံချက်နှင့် အစီအစဉ်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်၍ လုပ်ငန်းကော်မတီသို့တင်ပြခြင်း၊ အတည်ပြု

ချက် ရယူခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်ခြင်း။

(င) တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများကို ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထောက်ပံ့ဖြည့်ဆည်း စီမံ ဆောင်ရွက်မှုနှင့် ကွင်းဆက်မပြတ် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှု လုပ်ငန်း များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(စ) ဒေသတွင်း သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ လေ့လာခြင်း၊ သုတေသနပြုလုပ် ခြင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှရရှိသော သတင်းအချက် အလက်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များအား အများပြည်သူ အချိန်မီ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ထပ်ဆင့်ဖြန့်ဝေ သတိပေးနှိုးဆော်ပေးခြင်း။

(ဆ) ဘေးအန္တရာယ် လျော့ပါးသက်သာစေရေး ဆောင်ရွက်မှုများအတွက် သဘာဝဘေး အန္တရာယ်နှင့်စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို အများပြည်သူတို့အား အသိပညာ ပေးခြင်း၊ လိုအပ်သော ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် သဏ္ဍာန်တူ ဇာတ် တိုက် လေ့ကျင့်ခြင်းများ ပြုလုပ်ခြင်း။

(ဇ) သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကျောင်းသူ၊ ကျောင်းသားများ အသိပညာနှင့် ဗဟုသုတ များရရှိစေရန် သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ ဦးစီးဌာနများနှင့် ညှိနှိုင်းပြီး ကျောင်းများ၊ ကောလိပ်များ၊ သိပ္ပံများ၊ တက္ကသိုလ်များနှင့်ဆက်သွယ်၍ ဟောပြော ပို့ချခြင်း။

(ဈ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ ဖွင့်လှစ်သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ သင်တန်းသားများ ကိုယ်စားလှယ်များစေလွှတ်တက်ရောက်နိုင်စေရန် နိုင်ငံတကာ အကူအညီပေးသူများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း။

(ည) ချမှတ်ထားသော တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များနှင့်အညီ သဘာဝဘေးအန္တရာယ် မှ လျော့ပါးနိုင်သည့်၊ ကာကွယ်နိုင်သည့် သို့မဟုတ် ခိုလှုံနိုင်သည့်နေရာများ၊ လမ်းကြောင်းများ၊ အဆောက်အအုံများ၊ ယာဉ်၊ ယန္တရား အစရှိသော အရင်းအမြစ်များကို ကြိုတင်ရွေးချယ်နိုင်ရေးနှင့် ရွှေ့ပြောင်း

ရေး ကိစ္စများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပူးပေါင်း ဆောင်ရွက်ခြင်း။

(ဠ) ဘေးသင့်ဒေသသို့ အရေးပေါ်ကူညီထောက်ပံ့မှုများဆောင်ရွက်နိုင်ရန် စံချိန်မီသော အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများ ကြိုတင်စုဆောင်းသိုလှောင်ထားရှိရေးနှင့် စနစ်တကျ အချိန်မီ ပေးဝေနိုင်စေရေးအတွက် ဒေသဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းပူး ပေါင်း ဆောင်ရွက်ခြင်း၊

(ဍ) သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မီးသတ်တပ်ဖွဲ့ ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ လုပ်ရှားမှုများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း။

(ဎ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အစိုးရ မဟုတ်သော အခြားအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများအား ညှိနှိုင်း ပေါင်းစပ်ပေးခြင်း။

(ဏ) သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို နိုင်ငံတကာ အကူအညီပေးသူများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် သတင်းကွန်ယက် တည် ထောင်ခြင်း။

(တ) ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက် စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေး စေတနာ့ ဝန်ထမ်း လူငယ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

(ထ) သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာသည့်အခါ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုလုပ်ငန်းများကို အချိန်နှင့် တပြေးညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန် များကို အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်နှင့်အညီ တာဝန်ယူ ဆောင် ရွက်ခြင်း။

(ဒ) လုပ်ငန်းကော်မတီနှင့် ဝန်ကြီးဌာနက ပေးအပ်သည့် အခြားလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု

၁၃။ ဝန်ကြီးဌာနသည်-

(က) တိုင်းဒေသကြီးအဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု စီမံချက်ကို နည်းဥပဒ ၃ နှင့်၄တို့နှင့်အညီရေးဆွဲပြီး လုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် အစိုးရအဖွဲ့သို့ အတည်ပြုချက်ရရှိရေး တင်ပြရမည်။

(ခ) သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများသည် မိမိတို့၏ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်များကို ရေးဆွဲပြုစုပြီး အဆိုပါစီမံချက်များကို အတည်ပြုပေးနိုင်ရန် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၄။ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများသည်သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်တာဝန်ရှိသူများကအကောင်အထည်ဖော်ဆောင်ရွက်ရမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များကို ရေးဆွဲပြုစုရမည်။ ထိုသို့ ရေးဆွဲပြီးနောက်-

(က) တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့များသည် သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များကို ပြုစုရေးဆွဲပြီးအဆိုပါ စီမံချက်များကို အတည်ပြုပေးနိုင်ရန်လုပ်ငန်းကော်မတီမှတစ်ဆင့် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) ခရိုင်စီမံခန့်ခွဲမှုအဖွဲ့များသည် သက်ဆိုင်ရာသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များကို ပြုစုရေးဆွဲပြီးအဆိုပါစီမံချက်များကို အတည်ပြုပေးနိုင်ရန် တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(ဂ) မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့များသည် မြို့နယ်သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု စီမံချက်များကို ပြုစုရေးဆွဲပြီး အဆိုပါစီမံချက်များကို အတည်ပြုပေးနိုင်ရန် ခရိုင် စီမံခန့်ခွဲမှုအဖွဲ့များသို့ တင်ပြရမည်။

(ဃ) ရပ်ကွက်၊ ကျေးရွာအုပ်စု စီမံခန့်ခွဲမှုအဖွဲ့များသည် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များကို ပြုစုရေးဆွဲပြီး အဆိုပါ စီမံချက် များကို အတည်ပြုပေးနိုင်ရန် မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့များသို့ တင်ပြရမည်။

၁၅။ တိုင်းဒေသကြီးအဆင့်နှင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုများ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုစီမံချက်များသည် သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်တာဝန်ရှိသူများကအကောင်အထည်ဖော်ဆောင်ရွက်ရမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများအတွက် ယေဘုယျမူဘောင်ဖြစ်ရမည်။

၁၆။ တိုင်းဒေသကြီးအဆင့်နှင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များတွင် အောက်ပါအချက်များ ပါဝင်စေရမည်-

(က) ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်ဖြစ်ပေါ်နေသော ဘေးအန္တရာယ်များ အပါအဝင် ကျရောက်ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များ၊ ပျက်စီးဆုံးရှုံးမှုကြီးမားပြင်းထန်သော ဘေးအန္တရာယ်များ၊

(ခ) ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်။

(ဂ) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ဌာန၊ အဖွဲ့အစည်းဆိုင်ရာ စီမံထားရှိမှုများ၊

(ဃ) ဘေးအန္တရာယ်လျော့ပါးသက်သာစေရေး၊ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသင့်ပြင်ဆင်ထားရှိရေး၊ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ။

(င) ဘေးအန္တရာယ် လျော့ပါးသက်သာစေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရေတို၊ ရေရှည်လုပ်ငန်းအစီအစဉ်များ၊

(စ) အုပ်ချုပ်မှုနှင့်ထောက်ပံ့ ဆက်သွယ်မှု၊ဖွဲ့စည်းမှု၊ အရင်းအမြစ်များ၊ လျာထားဖြည့်ဆည်းမှု၊ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း စသောလုပ်ငန်းများဆောင်ရွက်ရန်အတွက် နည်းလမ်းများ၊

(ဆ) စီမံချက်ကိုအကောင်အထည်ဖော်ရန်ရရှိနိုင်သည့် အရင်းအမြစ်များနှင့် စွမ်းဆောင်နိုင်မှုများ၊

(ဇ) စီမံချက်အတွက် ဘဏ္ဍာငွေလျာထားချက်၊

(ဈ) စီမံချက်ကို အကောင်အထည်ဖော်ခြင်းနှင့် အစီရင်ခံခြင်း၊

(ည) စီမံချက်ကို ပြန်လည်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ဖြည့်စွက် ပြင်ဆင်ခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လိုအပ်သည်ဟုယူဆသည့် အခြားကိစ္စရပ်များ။

၁၇။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့များသည်အဆင့်ဆင့်တင်ပြလာသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစီမံချက်များကို နည်းဥပဒေ ၁၅နှင့် ၁၆တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားခြင်း ရှိ/မရှိကို စိစစ်၍ အတည်ပြုခြင်း ဆက်လက်တင်ပြခြင်းများကို ဆောင်ရွက်ရမည်။

၁၈။ မြို့နယ်၊ခရိုင်၊တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်များအားဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့်ကိုက်ညီစေရန် ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို အနည်းဆုံးနှစ်နှစ်တစ်ကြိမ် ဆောင်ရွက်ရမည်။

၁၉။ လုပ်ငန်းကော်မတီနှင့် အစိုးရအဖွဲ့တို့သည် သဘာဝဘေးအန္တရာယ် မကျရောက်မီအဆင့်တွင် ဆောင်ရွက်ရမည့် ဘေးအန္တရာယ်လျော့ပါးသက်သာစေရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်လာသည့်အခါ ဆောင်ရွက်ရမည့် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးအဆင့်တွင်ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အစရှိသည်တို့ကို ကြိုတင်စီမံခန့်ခွဲထားသည့်အတိုင်း ဆောင်ရွက်သွားနိုင်စေရန် ရည်ရွယ်လျက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့်များကို ရေးဆွဲရမည်။

၂၀။ နည်းဥပဒေ၁၉ပါ တည်မြဲအမိန့်များကိုရေးဆွဲရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာ အကူအညီပေးသူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သော လုပ်ငန်းစဉ်ဖြင့် ရေးဆွဲရမည်။

၂၁။ နည်းဥပဒေ ၁၉ပါ တည်မြဲအမိန့်များသည် ဖြစ်ပေါ်နိုင်ခြေရှိသော ဘေးအန္တရာယ် တစ်ခုချင်းစီအတွက် ဌာန၊ အဖွဲ့အစည်းအဆင့်ဆင့်မှ ဆောင်ရွက်ရန် လုပ်ငန်းညွှန်ကြားချက်များ ပါဝင်ရမည်။

၂၂။ ဘေးအန္တရာယ် လျော့ပါးသက်သာစေရေးလုပ်ငန်းများသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကြောင်းတစ်ရပ်ဖြစ်သဖြင့် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေးကို အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်း၊ ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်း၊ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများတွင် ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ရမည်။

၂၃။ အစိုးရအဖွဲ့သည် သက်ဆိုင်ရာကဏ္ဍများနှင့် ဒေသန္တရစီမံကိန်းများအလိုက် နယ်မြေဒေသများတွင် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးအတွက် အထူးဦးစားပေးဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများကို ကာလတို၊ ကာလရှည် စီမံကိန်းများရေးဆွဲပြီး အမျိုးသားကော်မတီသို့ တင်ပြနိုင်သည်။ အဆိုပါ စီမံကိန်းများသည် ယေဘုယျအားဖြင့် အောက်ပါအချက်များပါဝင်ရမည်-

(က) သက်ဆိုင်ရာကဏ္ဍများနှင့် ဒေသန္တရစီမံကိန်းများတွင် တွေ့ကြုံနိုင်သော ဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးနိုင်ခြင်း၊

(ခ) အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများ၊

(ဂ) အကောင်အထည်ဖော်ရန်လိုအပ်သည့် အစီအစဉ်၊ ကာလ၊ ဘဏ္ဍာငွေလိုအပ်ချက်နှင့် ရရှိမည့်အကျိုးရလဒ်၊

၂၄။ (က) ထိခိုက်ခံရလွယ်သူများကို သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအပါအဝင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာနိုင်စေရေးအတွက် စွမ်းဆောင်ရည်များ တည်ဆောက်ပေးခြင်းနှင့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိခိုက်ခံရလွယ်သူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

## အခန်း(၆)

## သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာခြင်း

၂၅။ လုပ်ငန်းကော်မတီသည် သဘာဝဘေးအန္တရာယ် တစ်ရပ်ရပ်ကြောင့် အောက်ပါထူးခြားသည့် အခြေအနေများဖြစ်ပေါ်သည့်အခါ အဆိုပါဒေသအား သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာနိုင်ရန် အစိုးရအဖွဲ့ထံသို့ ဆောလျင်စွာ တင်ပြရမည်-

(က) လူနှင့်တိရစ္ဆာန်အများအပြား သေကြေပျက်စီးဆုံးရှုံးခြင်း၊

(ခ) အခြေခံအဆောက်အအုံများ၊ ပစ္စည်းဥစ္စာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆိုးရွားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊

(ဂ) လုံခြုံရေး၊ ပညာရေးနှင့် ကျန်းမာရေး အပါအဝင် လူမှုရေးကိစ္စများ ဆိုးရွားစွာ ထိခိုက်ဆုံးရှုံးခြင်း၊

(ဃ) သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခြင်း၊

(င) ဘေးသင့်ဒေသ၏ အခြေအနေသည် မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်း။

၂၆။ သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း နယ်မြေဒေသ ပိုင်းခြားသတ်မှတ်၍ ကြေညာရာတွင် အချိန်ကာလနှင့်စပ်လျဉ်း၍-

(က) ပထမအကြိမ် ကြေညာသည့်အချိန်ကာလသည် ၂လအထိ တည်မြဲစေရမည်။

(ခ) ပထမအကြိမ် ကြေညာပြီးနောက် ပိုင်းခြားသတ်မှတ်ထားသည့် နယ်မြေဒေသမှာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ သဘာဝဘေးအန္တရာယ် ဆက်လက်၍ တည်ရှိနေသည့်အခါ နောက်ထပ်ကြေညာသည့်ကာလသည် တစ်ကြိမ်လျှင် ၂လစီအထိ တည်မြဲစေပြီးလိုအပ်သမျှထပ်မံ၍ ကြေညာနိုင်သည်။

(ဂ) နည်းဥပဒေခွဲ(က) သို့မဟုတ် (ခ)တို့အရ ကြေညာပြီးနောက် သဘာဝဘေးအန္တရာယ် လျော့ပါးသွားပြီး ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာသဖြင့် ဆက်လက်၍ အရေးပေါ်အခြေအနေ ထပ်မံကြေညာရန် မလိုတော့သည့်အခါ နောက်ဆုံး ကြေညာသည့်နေ့မှအချိန်ကာလ ၂လကုန်ဆုံးသည်နှင့် ထိုကြေညာချက်မှာ ရပ်စဲပြီးဖြစ်ရမည်။

(ဃ) နည်းဥပဒေခွဲ(က) သို့မဟုတ် (ခ)တို့အရ ကြေညာပြီးနောက် ကြေညာသည့်နေ့မှ ၂လအတွင်း ပိုင်းခြားသတ်မှတ်ထားသည့် နယ်မြေဒေသတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ သဘာဝဘေးအန္တရာယ်လျော့ပါးသွားပြီး ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာသည့်အခါ သတ်မှတ်ထားသည့် နယ်မြေဒေသတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသမှာ သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း အရေးပေါ် ကြေညာချက်တစ်ခုခုကို သတ်မှတ်ထားသည့်ကာလအတွင်း ရုပ်သိမ်းနိုင်သည်။ ထိုသို့ ရုပ်သိမ်းခြင်းမရှိလျှင် အဆိုပါကြေညာချက်သည် ကြေညာသည့်နေ့မှ ၂လအထိ တည်မြဲစေရမည်။

၂၇။ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသဖြစ်ကြောင်း ကြေညာပြီးနောက် ဥပဒေနှင့် ဤနည်းဥပဒေတို့တွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပြင် သဘာဝဘေးအန္တရာယ်

ဆိုင်ရာ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က သီးခြားတာဝန်ပေးသော လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

## အခန်း(၇)

## သဘာဝဘေးအန္တရာယ် မကျရောက်မီအဆင့်တွင် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ

၂၈။ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် သဘာဝဘေးအန္တရာယ် မကျရောက်မီအဆင့်တွင် ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်စေရန် လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့် ဥပဒေအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါယေဘုယျ လုပ်ငန်းတာဝန်များကိုလည်း တာဝန်ယူဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့် အတွေ့အကြုံများကိုမှတ်တမ်းများ ပြုစုခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်နှင့် တွေ့ရှိချက်များကို သုံးသပ်ပြီး လုပ်ငန်းကော်မတီသို့ အကြံပြုတင်ပြခြင်း။

(ခ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်း အချက်အလက်စနစ်ထူထောင်ဆောင်ရွက်ခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်နှင့် ဘေးအန္တရာယ်လျော့ပါးသက်သာစေရေးဆိုင်ရာ ဗဟုသုတများနှင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အများပြည်သူတို့အား အခါအားလျော်စွာ အသိပညာပေးရေးအတွက် ရပ်ရွာအခြေပြု ဘေးအန္တရာယ် လျော့ပါးသက်သာစေရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများစီစဉ်ဆောင်ရွက်ပေးခြင်း။

(ဃ) သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ကျောင်းသား၊ကျောင်းသူ များ အသိပညာနှင့် ဗဟုသုတများရရှိစေရန် ကျောင်းများ၊ ကောလိပ်များ၊ သိပ္ပံများ၊ တက္ကသိုလ်များနှင့် ညှိနှိုင်းပြီး ဟောပြောပို့ချဆွေးနွေးနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(င) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ခြင်းနှင့် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသက်ကယ်လုပ်ငန်းများ

ကြိုတင်လေ့ကျင့်ခြင်းနှင့် လိုအပ်သော သင်တန်းများဖွင့်လှစ်၍ သင်ကြားပေးခြင်း ပြုနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျောင်းသုံးစာအုပ်သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများတွင် ထည့်သွင်းခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြား၊ ရေဒီယို အစရှိသည့် နည်းလမ်းများဖြင့် ပြည်သူလူထုသို့ အသိပညာပေးခြင်း။

၂၉။ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့်ဒေသတွင် သဘာဝဘေးအန္တရာယ်မကျရောက်မီအဆင့်တွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်စေရန် လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့် ဥပဒေအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အောက်ပါယေဘုယျလုပ်ငန်းတာဝန်များကိုလည်း တာဝန်ယူ ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်တော့မည့် ဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစသည့် အခြားလူမှုရေး အဖွဲ့အစည်းဝင်များ စုပေါင်းပါဝင်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို သက်ဆိုင်ရာအစိုးရဌာန အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်းပြီး ဒေသအလိုက်ဖွဲ့စည်း၍ သတိပေးနှိုးဆော်ခြင်းနှင့် သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်စေခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်အလိုက် ဖြစ်နိုင်ဖွယ်ရှိသောဒေသနှင့် ထိုဒေသရှိလူဦးရေများကို လေ့လာ၍ ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် ဘေးလွတ်ရာနေရာများ၊ ယာယီခိုလှုံရာနေရာများ၊ ယာဉ်၊ ယန္တရား၊ ပစ္စည်းများနှင့် အခြားလိုအပ်သော အရင်းအမြစ်များကို ကြိုတင်စုဆောင်းပြင်ဆင်ထားရှိခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်မည့် ဒေသတွင် ဘေးသင့်သူများအား ဘေးလွတ်ရာနေရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အခါ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ

ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်းကောင်း၊ လိုအပ်ပါက နိုင်ငံတကာ အကူအညီပေးသူများနှင့်လည်းကောင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် လိုအပ်သော အကူအညီများ တောင်းခံခြင်း၊

(ဃ) မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သောဒေသများတွင် ဘက်စုံသုံး မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို ပထဝီ၊ ဒေသသတင်း အချက်အလက်နည်းပညာကို အသုံးပြု၍ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ သင့်လျော်သောနေရာကို ရွေးချယ်ပြီး တည်ဆောက်စေခြင်းနှင့် ဘေးသင့်သူများ အဆင်ပြေစွာနေထိုင်နိုင်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်အကူအညီ ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာအကူအညီပေးသူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအစဉ်များချမှတ်၍ ကြိုတင်စီမံထားရှိခြင်း၊

(စ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ကျရောက်နိုင်ခြေရှိသော နေရာဒေသနှင့် ဖြစ်ပေါ်လာနိုင်သော အခြေအနေတို့ကို ကြိုတင်ခန့်မှန်းတွက်ချက်၍ သက်ဆိုင်သူများထံ သတင်းပေးပို့ ဖြန့်ချီခြင်းနှင့် သတင်းများကို စိစစ်ထုတ်ပြန်ခြင်း၊

(ဆ) အရေးပေါ်အခြေအနေတွင် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ နိုင်ငံတကာအကူအညီပေးသူများ၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များ အဆက်မပြတ် ရရှိရေးအတွက် လက်ရှိဆက်သွယ်ရေးစနစ်အပြင် လိုအပ်ပါက အရန်ဆက်သွယ်ရေးစနစ် ထူထောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုအခြေအနေများကို ပြည်သူလူထုထံသို့ အချိန်မီကြိုတင်သတိပေးချက် ထုတ်ပြန်နိုင်ရန်အတွက် နည်းပညာ အထောက်အကူပြု ကြိုတင်သတိပေးချက်စနစ် တည်ထောင်ဆောင်ရွက်ခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပြီး ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ မှတ်တမ်းများပြုစုခြင်းနှင့် နောင်တွင် ပေါ်ပေါက်လာနိုင်မည့် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေးစီမံချက်များရေးဆွဲပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီသို့တင်ပြခြင်း၊

(ည) သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှု လျော့ပါးရေးအတွက် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) သာမန်အခြေအနေနှင့် အရေးပေါ်အခြေအနေများတွင် ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အားနှင့် ရုပ်ဝတ္ထုပစ္စည်းအင်အားများကို အရန်သင့် အသုံးပြုနိုင်ရန် နောက်တန်းစခန်း၊ ရှေ့တန်းစခန်းများဖွဲ့စည်း၍ စုစည်းခြင်း၊ စုဆောင်းထားရှိခြင်းလုပ်ငန်း အစီအစဉ်များချမှတ် အကောင်အထည် ဖော်ဆောင်ရွက်မှုကို ဦးဆောင်လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဌ) ကယ်ဆယ်ရေးနှင့် အရေးပေါ်အကူအညီထောက်ပံ့ရေးလုပ်ငန်းများကိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကူညီထောက်ပံ့ရေးနယ်မြေများ ခွဲခြားသတ်မှတ်ခြင်း၊ ထိုနယ်မြေ သတ်မှတ်ချက်အရ ကူညီထောက်ပံ့မည့် သက်ဆိုင်ရာအစိုးရဌာန အစိုးရအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပစ္စည်းအင်အားနှင့် လူအင်အားများစုစည်းခြင်း၊ စုဆောင်းထားရှိခြင်း အသုံးပြုခြင်းတို့ကို လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဍ) ဘေးသင့်သူများအား ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ပြီး ယာယီခိုလှုံရာနေရာတွင် နေထိုင်စေရေးအတွက် မြေနေရာနှင့် အဆောက်အအုံများ လိုအပ်ပါက ပုဂ္ဂလိကပိုင် မြေကွက်နှင့် အဆောက်အအုံများကို ဝယ်ယူခြင်း သို့မဟုတ် သင့်လျော်သော အသုံးပြုခပေးပြီး ယာယီအသုံးပြုနေထိုင်ခွင့်ပေးခြင်း၊ ထိုသို့ ဝယ်ယူခြင်းနှင့် ယာယီအသုံးပြုနေထိုင်ခွင့်ပေးခြင်းတို့ပြုရာတွင် ပုဂ္ဂလိကပိုင်ရှင်က ငြင်းဆိုပါက တည်ဆဲမြေသိမ်း အက်ဥပဒေနှင့်အညီ သိမ်းဆည်းပြီး ဘေးသင့်သူများအား ယာယီ အသုံးပြုနေထိုင်ခွင့်ပေးခြင်း။

(ဎ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် ဖြစ်နိုင်ဖွယ်ရှိ သောဒေသနှင့် လူဦးရေများအား လေ့လာပြင်ဆင်ထားခြင်း၊ ထိုဒေသရှိ ကမ်းလွန်ကျွန်းများ၊ ရေလွှမ်းလွင်ပြင်များ၊ အနိမ့်ပိုင်းလွင်ပြင်များတွင် ဘေးသင့်သူများတိမ်းရှောင်ခိုလှုံနိုင်သော နေရာများ၊ ဘေးလွတ်ရာနေရာများ၊ ယာယီခိုလှုံရာနေရာများနှင့် ရုတ်ချည်းလိုအပ်နိုင်သော အသက်ကယ်ပစ္စည်း၊ အသက်ရှင်နေထိုင်ရန်လိုအပ်သော အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများအား ကြိုတင်စီစဉ်၍ ပြင်ဆင်ထားခြင်း၊

(ဏ) ဒေသအလိုက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စည်းရုံးဖွဲ့စည်း၍ သင်တန်းများပေးခြင်းနှင့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း၊

(တ) အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျဖြန့်ဖြူးနိုင်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်း၍ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ခြင်း၊

(ထ) မော်တော်ယာဉ်လမ်းကြောင်းများ၊ ရေကြောင်းပင်မလမ်းများနှင့် ချဉ်းကပ်လမ်းအဖြစ် အချိန်မရွေး အသုံးပြုနိုင်သော လမ်းကြောင်းများ၏ အနေအထားနှင့် အခြေအနေများအား လေ့လာထားခြင်း၊ လေဆိပ်များ၊ ရဟတ်ယာဉ်ဆင်းကွင်း ထားရှိနိုင်မည့်နေရာများအား ကြိုတင်စာရင်းပြုစုထားခြင်းနှင့် စက်သုံးဆီများကို လိုအပ်သောနေရာများတွင် လုံလောက်သော ပမာဏအတိုင်း သိုလှောင်ထားခြင်း၊

(ဒ) ငလျင်ဘေး၊ မြေပြိုဘေးနှင့် မီးဘေးစသည့်ဘေးများတွင် အဆောက်အအုံများအတွင်း ပိတ်မိနေသော ဒုက္ခသည်များနှင့် ဘေးသင့်သူများအား ရှာဖွေ ကယ်ဆယ်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ခြင်းနှင့် လိုအပ်သော စက်၊ ယန္တရားကိရိယာများ၊ အရေးပေါ် အသက်ကယ်ကိရိယာများ တတ်နိုင်သမျှ အရန်သင့် ဖြစ်စေရေး ကြိုတင်စီစဉ်၍ ပြင်ဆင်ထားခြင်း၊

(ဓ) ဘေးအန္တရာယ် ဖြစ်ပွားနိုင်သည့်စက်ရုံ၊ အလုပ်ရုံ အဆောက်အအုံများ၊ လမ်း၊ တံတားများအတွက် နည်းပညာဆိုင်ရာ အကူအညီပေးခြင်း၊အရေးပေါ်စီမံချက်များ ပြုစုရေးဆွဲနိုင်ရန် ညှိနှိုင်းဆောင်ရွက် ပေးခြင်း၊

(န) ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေး အစီအစဉ်များထည့်သွင်းရေးဆွဲနိုင်ရေး ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ပ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးယိုယွင်းသွားသော သဘာဝ ပတ်ဝန်းကျင်ကို ပြန်လည်ပြုစု ထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

## အခန်း(၈)

## သဘာဝဘေးအန္တရာယ်ကျရောက်နေသည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်အခြေအနေ တုံ့ပြန်မှုလုပ်ငန်းများ

၃၀။ သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေကို အောက်ပါအတိုင်း အမျိုးအစား ခွဲခြား သတ်မှတ်ရမည်-

(က) ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင် အရေးပေါ်အခြေအနေအဆင့်-၅၊

(ခ) မြို့နယ်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင် အရေးပေါ် အခြေအနေ အဆင့်-၄၊

(ဂ) ခရိုင်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင် အရေးပေါ် အခြေအနေ အဆင့်-၃၊

(ဃ) တိုင်းဒေသကြီးအဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟုယူဆလျှင် အရေးပေါ် အခြေအနေ အဆင့်-၂၊

(င) အမျိုးသားအဆင့်မှ ထိန်းချုပ်ဆောင်ရွက်ရန်လိုအပ်သည်ဟု ယူဆလျှင် အရေးပေါ် အခြေအနေ အဆင့်-၁၊

၃၁။ နည်းဥပဒေ ၃၀ပါ အရေးပေါ်အခြေအနေအဆင့်များကို အောက်ပါအချက်များကို မူတည်၍ ဆုံးဖြတ်ရမည်-

(က) ဒေသဆိုင်ရာအဖွဲ့တစ်ခုခုသည် အခြေအနေကို မိမိအဆင့်ဖြင့် ထိန်းချုပ် ဆောင်ရွက် နိုင်စွမ်း မရှိလျှင်အခြား အထက်အဆင့်အဖွဲ့များ၏ အရေးပေါ်အကူအညီကို တောင်းခံရန်လိုအပ်ခြင်း၊

(ခ) အရေးပေါ်အခြေအနေကို တုံ့ပြန်ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးဒေသမှာ တစ်ခုထက် ပိုမိုခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်နှင့် ယင်း၏ ဆိုးကျိုးသက်ရောက်မှုများသည် အခြားဒေသ များသို့ လျင်မြန်စွာ ပြန့်နှံ့နိုင်သည်ဟု ယူဆခြင်း။

၃၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စီမံခန့်ခွဲမှုအဖွဲ့သည်-

(က) ဘေးအန္တရာယ်ဖြစ်ပွားပြီးဟု သိလျှင်သိချင်း အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ဘေးအန္တရာယ်ဖြစ်ပွားမှုကို မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့သို့ အလျင်အမြန်သတင်းပေးပို့ရမည်။

(ဂ) အောက်ပါအချက်များပါဝင်သည့် ကနဦးဆန်းစစ်ချက်တစ်ရပ်ကို ချက်ချင်း ဆောင်ရွက်ပြီး တွေ့ရှိချက်များကို အသင့်တော်ဆုံးနှင့် အမြန်ဆုံးနည်းလမ်းဖြင့် မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့သို့ အလျင်အမြန် အကြောင်းကြားရမည်-

(၁) ဖြစ်ပွားသည့်သဘာဝဘေးအန္တရာယ်နှင့်ဘေးသင့်ဒေသ၊

(၂) ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရသူအရေအတွက်၊

(၃) အခြေခံအဆောက်အဦးနှင့် အခြားပစ္စည်းများပျက်စီးမှု၊

(၄) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ အစိုးရအုပ်ချုပ်ရေး လုပ်ငန်းများအား နှောင့်နှေးစေမှု၊

(၅) အရင်းအမြစ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု။

၃၃။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စီမံခန့်ခွဲမှုအဖွဲ့က သဘာဝ ဘေးအန္တရာယ် ဖြစ်ပွားကြောင်း သတင်းပေးပို့လာသည့်အခါ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့သည် အထက်အဆင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သို့ တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ သတင်းပေးပို့ချက်အပေါ်မူတည်ပြီး တိုင်းဒေသကြီး စီမံခန့်ခွဲမှုအဖွဲ့သည် အစိုးရအဖွဲ့သို့ လိုအပ်သလို တင်ပြနိုင်သည်။

၃၄။ (က) မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ (ဂ) အရ ပေးပို့သော ကနဦးဆန်းစစ်ချက်၏ တွေ့ရှိချက်များကို အထက်အဆင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှု အဆင့်ဆင့်သို့ ထပ်ဆင့် တင်ပြရမည်။

(ခ) တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့သည် ကနဦးဆန်းစစ်ချက်အရ သတ်မှတ်ဖော်ထုတ်ထားသော ဘေးအန္တရာယ်၏ ပြင်းအားနှင့် ပမာဏအပေါ်မူတည်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လိုအပ်သလို တင်ပြနိုင်သည်။

၃၅။ နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ(ဂ)အရ ပေးပို့သော ကနဦးဆန်းစစ်ချက်၏ တွေ့ရှိချက်များ အပေါ် မူတည်၍ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့သည်-

(က) အရေးပေါ်အခြေအနေ အဆင့်-၅ဟု ယူဆလျှင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း၌ တိုက်ရိုက်ပါဝင် ဆောင်ရွက်ခြင်းမပြုဘဲ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အဆင့်၌အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းအား အနီးကပ်စောင့်ကြည့်ရမည်။

(ခ) အရေးပေါ်အခြေအနေ အဆင့်-၄ဟုယူဆလျှင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ဂ) အရေးပေါ်အခြေအနေသည် မြို့နယ်အဆင့်၏ ထိန်းချုပ်ဆောင်ရွက်နိုင်မှုထက် ကျော်လွန်သည်ဟုယူဆလျှင် ခရိုင်စီမံခန့်ခွဲမှုအဖွဲ့ထံမှ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ပံ့ပိုးနိုင်ရန် အကူအညီတောင်းခံရမည်ဖြစ်ပြီး လတ်တလောတွင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၃၆။ နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ(ဂ)အရ ပေးပို့သော ကနဦး ဆန်းစစ်ချက်၏ တွေ့ရှိချက်များ အပေါ်မူတည်၍ ခရိုင်စီမံခန့်ခွဲမှုအဖွဲ့သည်-

(က) အရေးပေါ်အခြေအနေ အဆင့်-၅ဟုယူဆလျှင် အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း၌ တိုက်ရိုက်ပါဝင် ဆောင်ရွက်ခြင်းမပြုဘဲ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းအား အနီးကပ်စောင့်ကြည့်ရမည်။

(ခ) အရေးပေါ်အခြေအနေ အဆင့်-၄ဟုယူဆလျှင် အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း၌ တိုက်ရိုက်ပါဝင် ဆောင်ရွက်ခြင်းမပြုဘဲ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းအား အနီးကပ်စောင့်ကြည့်ရမည်။

(ဂ) အရေးပေါ်အခြေအနေ အဆင့်-၃ဟုယူဆလျှင် အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ဃ) အရေးပေါ်အခြေအနေသည် ခရိုင်အဆင့်၏ ထိန်းချုပ်ဆောင်ရွက်နိုင်မှုထက် ကျော်လွန်သည်ဟုယူဆလျှင် တိုင်းဒေသကြီးထံမှ အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး ပံ့ပိုးပေးနိုင်ရန် အကူအညီ တောင်းခံရမည်ဖြစ်ပြီး လတ်တလောတွင်

အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

၃၇။ နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ(ဂ)အရ ပေးပို့သော ကနဦးဆန်းစစ်ချက်၏ တွေ့ရှိချက်များအပေါ်မူတည်၍ တိုင်းဒေသကြီး စီမံခန့်ခွဲမှုအဖွဲ့သည်-

(က) အရေးပေါ်အခြေအနေ အဆင့်-၅ဟုယူဆလျှင် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း၌ တိုက်ရိုက်ပါဝင် ဆောင်ရွက်ခြင်းမပြုဘဲ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းအား အနီးကပ်စောင့်ကြည့်ရမည်။

(ခ) အရေးပေါ်အခြေအနေ အဆင့်-၄ ဟုယူဆလျှင် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း၌ တိုက်ရိုက်ပါဝင် ဆောင်ရွက်ခြင်းမပြုဘဲ အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းအား အနီးကပ်စောင့်ကြည့်ရမည်။

(ဂ) အရေးပေါ်အခြေအနေ အဆင့်-၃ ဟုယူဆလျှင် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း၌ တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမပြုဘဲ အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းအား အနီးကပ်စောင့်ကြည့်ရမည်။

(ဃ) အရေးပေါ်အခြေအနေ အဆင့်-၂ဟုယူဆလျှင် အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(င) အရေးပေါ်အခြေအနေသည် တိုင်းဒေသကြီးအဆင့်၏ ထိန်းချုပ်ဆောင်ရွက်နိုင်မှုထက် ကျော်လွန်သည်ဟုယူဆလျှင် အမျိုးသား ကော်မတီထံမှ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး ပံ့ပိုးပေးနိုင်ရန် အရေးပေါ် အကူအညီ တောင်းခံရမည်ဖြစ်ပြီး လတ်တလောတွင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၃၈။ တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့၏ အရေးပေါ်အကူအညီ တောင်းခံမှုနှင့် နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ(ဂ)အရ ပေးပို့သော ကနဦးဆန်းစစ်ချက်မှ သတ်မှတ်ဖော်ထုတ်ထားသော ဘေးအန္တရာယ်၏ ပြင်းအားနှင့် ပမာဏတို့အရ အမျိုးသားကော်မတီသည် အခြေအနေ အဆင့်-၁ဟု ယူဆလျှင်-

(က) သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာနိုင်ရန် နိုင်ငံတော်သမ္မတထံသို့ တင်ပြရမည်။

(ခ) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၃၉။ အမျိုးသားကော်မတီက ဆုံးဖြတ်သော အရေးပေါ်အခြေအနေအဆင့်သည် ဒေသဆိုင်ရာ အဖွဲ့အဆင့်ဆင့်က ဆုံးဖြတ်သော အရေးပေါ်အခြေအနေအဆင့်ကို လည်းကောင်း၊ တိုင်းဒေသကြီး စီမံခန့်ခွဲမှုအဖွဲ့က ဆုံးဖြတ်သော အရေးပေါ်အခြေအနေအဆင့်သည် တိုင်းဒေသကြီးလက်အောက်ရှိ ဒေသဆိုင်ရာ အဖွဲ့အဆင့်ဆင့်ကဆုံးဖြတ်သော အရေးပေါ်အခြေအနေအဆင့်ကိုလည်းကောင်း လွှမ်းမိုးစေရမည်။

၄၀။ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် သဘာဝဘေးအန္တရာယ် ကျရောက်နေသည့်အဆင့်တွင် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်စေရန် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့် ဥပဒေအရထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါ ယေဘုယျလုပ်ငန်းတာဝန်များကိုလည်း တာဝန်ယူဆောင်ရွက်ရမည်-

(က) ဘေးသင့်ဒေသတွင် ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ် အခြေအနေကို ဖော်ပြ၍ အဆိုပါဒေသအား သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း အချိန်ကာလ သတ်မှတ်၍ နိုင်ငံတော်သမ္မတက ကြေညာနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဆင့် အမျိုးသားကော်မတီသို့ အစီရင်ခံစာ တင်ပြခြင်း။

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဗဟိုဆပ်ကော်မတီများနှင့် လည်းကောင်း၊ တာဝန်ရှိ ဝန်ကြီးဌာနများ၊ ဦးစီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အထောက်အကူပေးခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာအကူအညီပေးသူများ၊ သက်ဆိုင်ရာတာဝန်ရှိဝန်ကြီးဌာနများ၊ ဦးစီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ယင်းလုပ်ငန်းများ ဆောင်ရွက်မှုကိုကြီးကြပ်ခြင်း၊

(ဃ) ဒေသဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်များမှာ ဘေးသင့်သူများထဲတွင် ပါသွားသဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ သတင်းရယူပြီး ဆောင်ရွက်နိုင်ခြင်း မရှိသည့်အခါ နီးစပ်ရာဒေသများမှ သင့်လျော်သူများ ပါဝင်သည့် ယာယီဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(င) သဘာဝဘေးအန္တရာယ် ကျရောက်သည့်အဆင့်တွင် တုံ့ပြန်ဆောင်ရွက်ရမည့် ရှာဖွေကယ်ဆယ်ရေးအစီအစဉ်များ၊ စံချိန်မီသော အရေးပေါ်ကူညီထောက်ပံ့ရေး ပစ္စည်းများကို ထောက်ပံ့ ကူညီရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုကြောင့် ပိတ်မိနေသော ဒုက္ခသည်များအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒေသအလိုက် ရှာဖွေကယ်ဆယ်ရေးအထူးအဖွဲ့ များ ဖွဲ့စည်း၍ တာဝန်ပေးခြင်း၊

(ဆ) အသက်အန္တရာယ်ရှိသည့် ဘေးသင့်သူများ အသက်ဘေးမှ လွတ်မြောက်စေရန် ကယ်ဆယ်ရေးနှင့် အသက်ရှင်ကျန်နေသူများ အားလုံး ဆက်လက်အသက်ရှင်နိုင်ရန် အတွက် သက်ဆိုင်ရာ ဗဟိုဆပ်ကော်မတီများ၊ ဒေသဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် တိုင်းဒေသကြီးဆပ်ကော်မတီများအတွင်း ထပ်မံ၍စီမံထားရှိခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဇ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်သောဒေသများနှင့် နယ်စပ်ဒေသများတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်နိုင်ရန်အိမ်နီးချင်းနိုင်ငံများ၊နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း အထူးအဖွဲ့များ ဖွဲ့စည်းခြင်း လုပ်ငန်းတာဝန်များကို နှစ်ဖက်ညှိနှိုင်း သတ်မှတ်ပေးခြင်း၊

(ဈ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ဆပ်ကော်မတီများနှင့် အမြဲမပြတ်ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ည) ဘေးသင့်သူများအတွက် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို စီမံဆောင်ရွက်စေခြင်း၊

(ၿ) ဘေးသင့်သူများအတွက် အရေးပေါ်အကူအညီများ လျင်မြန်ထိရောက်စွာကူညီထောက်ပံ့ခြင်း၊ ဘေးလွတ်ရာနေရာများနှင့် ယာယီခိုလှုံရာနေရာများကို ဆောက်လုပ်ပေးခြင်း အထူးသဖြင့် ထိခိုက်ခံရလွယ်သူများ၏ လိုအပ်ချက်များ ပြည့်မီခြင်းရှိမရှိ ကြီးကြပ်ခြင်း၊ ဖြည်းဆည်း ဆောင်ရွက်ပေးခြင်း၊

(ၾ) ဘေးသင့်သူများအတွက် လိုအပ်သည့်စံချိန်မီသော အရေးပေါ်အကူအညီများ စာရင်းပြုစုပြီး အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့် နိုင်ငံတကာ ကူညီပေးသူများမှ လျင်မြန်ထိရောက်စွာ ကူညီထောက်ပံ့နိုင်ရေးအတွက် အစီအစဉ်များချမှတ်ခြင်း ဆောင်ရွက်ထားရှိမှုကို စိစစ်ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ၑ) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သောအခြားအဖွဲ့အစည်းများ၊နိုင်ငံတကာအကူအညီပေးသူများနှင့်ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဎ) ဘေးသင့်ဒေသတွင် ဒေသဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ စိစစ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊ ပေါင်းစပ် ညှိနှိုင်းပေးခြင်း၊

(ဏ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို အမျိုးသားကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(တ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့် အမြဲမပြတ်ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ထ) သဘာဝဘေးအန္တရာယ် ကျရောက်မှုနှင့် သဘာဝဘေးသင့်မှု အခြေအနေများကို လည်းကောင်း၊ နိုင်ငံတော်က ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ပြည်တွင်း၌သာမကနိုင်ငံတကာ အကူအညီပေးသူများကပါ သိရှိနိုင်စေရန် အတွက် လိုအပ်သည့်

သတင်းထုတ်ပြန်မှု၊ ပြန်ကြားမှုလုပ်ငန်းများနှင့် သတင်းကွန်ယက် ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဒ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အချိန်မီဆက်သွယ် ဆောင်ရွက်နိုင်ရန် အရေးပေါ် ဆက်သွယ်ရေးစနစ်နှင့် ဆက်သွယ် ရေးစခန်းများ တည်ထောင်ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(ဓ) ဘေးသင့်သူများ၏ လိုအပ်ချက်များပြည့်မီစေရန် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများအပြင် နိုင်ငံတကာအကူအညီပေးသူများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရမည့် သီးခြားအစီစဉ်များ။

## အခန်း(၉)

## သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး

၄၁။ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးအဆင့်တွင် ဘေးသင့်သူများ ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရောက်ရှိစေရန် ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသည့်သဘာဝ ပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စေရန် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့် ဥပဒေအရထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါယေဘုယျလုပ်ငန်း တာဝန်များကိုပါ တာဝန်ယူဆောင်ရွက်ရမည်-

(က) ဘေးသင့်သူများ၏ မိသားစုပြန်လည်ပေါင်းစည်းရေးအတွက် လည်းကောင်း၊ သေဆုံးသူများကို သက်ဆိုင်ရာ ဓလေ့ထုံးတမ်းနှင့်အညီ သင်္ဂြိုဟ်ရေးအတွက် လည်းကောင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာ ဆပ်ကော်မတီတို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ပြည်ပမှထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ အထောက်အပံ့များ၊ ငွေကြေးများနှင့်အရေးပေါ်အကူအညီများကို ဘေးသင့်သူများအားဝေငှထောက်ပံ့မှုများနှင့် သုံးစွဲမှုများကိုလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် နိုင်ငံတကာအကူအညီပေးသူများ၏ လုပ်ဆောင်ချက်များကို လည်းကောင်း၊ စာရင်းဇယားမှတ်တမ်းများပြုစုခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် အများပြည်သူသိရှိနိုင်စေရန် ထုတ်ပြန် ကြေငြာခြင်း၊

(ဂ) ဘေးသင့်သူများအား ပြည်ပမှ ထောက်ပံ့သည့် စားရေရိက္ခာ၊ အသုံးအဆောင်နှင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေကြေးများကို လိုအပ်သည့်ကိစ္စရပ်များ အတွက် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပေါင်းစပ်၍ စည်းမျဉ်း စည်းကမ်းများ နှင့်အညီ ခွဲဝေအသုံးပြုခြင်း၊

(ဃ) ဘေးသင့်သူများအား သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းများ လုံလောက်စွာ ရရှိရေးအတွက် ဘေးကင်းလုံခြုံသော ယာယီခိုလှုံရာနေရာများကို စီစဉ် ဆောက်လုပ် ပေးခြင်း၊

(င) ဘေးလွတ်ရာနေရာများနှင့် ယာယီခိုလှုံရာနေရာများတွင် ထိခိုက်ခံရလွယ်သူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားစီစဉ် ဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ် ကျရောက်ပြီးအဆင့်တွင် ဘေးသင့်ပြည်သူများ မူလအခြေ အနေသို့ ပြန်လည်ရောက်ရှိစေရန်နှင့် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရန် ကဏ္ဍအလိုက် အဆင့်ဆင့်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို တာဝန်ရှိဝန်ကြီးဌာန၊ ဦးစီးဌာနတို့နှင့်လည်းကောင်း၊ သက်ဆိုင် သည့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဆ) သဘာဝဘေးဒဏ်ကြောင့် လူနှင့်တိရစ္ဆာန်များသေကြေမှု၊ ထိခိုက်ဒဏ်ရာရမှု၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့် ပစ္စည်းများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုကို စာရင်းအတိအကျကောက်ယူခြင်းနှင့် အပျက်အစီး များ ရှင်းလင်း ဖယ်ရှားရေးနှင့် ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားကဏ္ဍများအတွက် ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသည့် စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများအပါအဝင် နိုင်ငံပိုင်အဆောက်အအုံများ၊ ဘာသာရေး အဆောက်အဦ များ၊ ပုဂ္ဂလိကနေအိမ်များကို သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းတွက်ချက်ပြီး သင့်လျော်သည့်နေရာတွင် ပြန်လည် တည်ဆောက်ပေးခြင်း၊

(ည) ဒေသခံပြည်သူများအတွက် လိုအပ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန် ပြန်လည်လုပ်ကိုင်နိုင်ရန် လိုအပ်ပါက အသက်မွေးဝမ်းကျောင်း လုပ်ငန်းသစ်များ ဖော်ဆောင်ပေးနိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရဖွဲ့များနှင့် ညှိနှိုင်းတွက်ချက်ပြီး ထူထောင်ပေးခြင်း၊

(ဋ) သဘာဝဘေးဒဏ်ကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်သည့် အသက်ရှင်ကျန်ရစ်သူများ အား စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်း ဆောင်ရွက်မှုလုပ်ငန်းများ အပါအဝင် လူမှုအဖွဲ့ အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရန် စိတ်ဓာတ်မြှင့်တင် ထူထောင်ပေးသည့် လုပ်ငန်း များ ဆောင်ရွက်ခြင်း၊

(ဌ) ဘေးသင့်ဒေသရှိ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် နောက်ဆက် တွဲ ဖြစ်ပေါ်နိုင်သည့် ကူးစက်ရောဂါ အန္တရာယ်များမှ ကာကွယ်ပေးခြင်း၊

(ဍ) ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရန်နှင့် သယ်ယူပို့ဆောင်မှုများလုံလောက်ပြီး ချောမွေ့မှုရှိစေရန် ဆောင်ရွက်ခြင်း၊

(ဎ) ဘေးသင့်သူများလုံခြုံရေးနှင့် ဘေးသင့်ဒေသတွင် တရားဥပဒေ စိုးမိုးရေးအတွက် စီမံ ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုစသော နောက်ဆက်တွဲ ပြဿနာများ မဖြစ်ပွားစေရေး အတွက် စီမံဆောင်ရွက်ခြင်း၊

(ဏ) ဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သော စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လမ်း၊ တံတားများအတွက် နည်းပညာဆိုင်ရာ အကြံပေးခြင်း၊ ကြိုတင်သတိပေးချက် စနစ် ထားရှိရေးနှင့် အရေးပေါ် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(တ) ဘေးသင့်ဒေသတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး၊ အခြားအသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင် ရေး၊ လမ်းပန်းဆက်သွယ်မှုနှင့် ပို့ဆောင်ရေး ပြန်လည်ကောင်းမွန်လာရေး၊ ကျန်းမာ ရေး၊ ပညာရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် အခြားလိုအပ်သော ကဏ္ဍအလိုက် လိုအပ်ချက်များ ပုံမှန်ဖြည့်ဆည်းပေးနိုင်ရေးစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်း များနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ငန်း၏အရေးပါမှုအလိုက် အဆင့်ခွဲခြား သတ်မှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ထ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အခြား အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအကူအညီပေးသူများနှင့် ညှိနှိုင်း ပြီး လိုအပ်သော အရေးပေါ်အကူအညီများရယူ၍ သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက် ခြင်း၊

(ဒ) တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား ဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ သီးခြား ပေးအပ်သော လုပ်ငန်းတာဝန်များ ထမ်းဆောင်စေခြင်း၊

(ဓ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ထူးချွန် ပြောင်မြောက်စွာ ပါဝင်လှုပ်ရှားဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား မှတ်တမ်းတင်ပြီး ထိုက်သင့်သော ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးခြင်း၊

(န) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော် သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကော်မတီ၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့ တို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ပ) ဘေးသင့်သူများအား ယာယီခိုလှုံရာနေရာ ကယ်ဆယ်ရေးစခန်းများတွင် ရေရှည်မှီခို နေထိုင်ခြင်းမဖြစ်စေရန် ယင်းတို့အတွက် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို အမြန်ဆုံးအကောင် အထည်ဖော်စီစဉ် ဆောင်ရွက်ပေးခြင်း၊

(ဖ) ထိခိုက်ခံရလွယ်သူများ၏ လိုအပ်ချက်များ ပြည့်မီစေရန် သက်ဆိုင်သည့် အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ အစိုးရမဟုတ်သော အဖွဲ့အစည်း များအပြင် နိုင်ငံတကာ အကူအညီပေးသူများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရမည့် သီးခြားအစီအစဉ်များ၊

## **အခန်း(၁၀)**

## **နိုင်ငံတကာအကူအညီများရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၄၂။ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေး တာဝန်ခံအဖြစ် အမျိုးသားကော်မတီက တာဝန် ပေးအပ်ခြင်းခံရသည့် ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) အစိုးရအဖွဲ့သည် ဒေသတွင်း ဘေးအန္တရာယ်ကျရောက်လာသည့်အခါ ဘေးသင့်သူ များအား လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအကူအညီပေးသူများ ဒေသ

တွင်းသို့ ဝင်ရောက်နိုင်ရေး သို့မဟုတ် ပြည်ပမှကူညီထောက်ပံ့နိုင်ရေး အတွက် ဆက်သွယ်လာပါက ခွင့်ပြုချက်ရရှိရန် အမျိုးသား ကော်မတီသို့ တင်ပြရမည်။

(ခ) အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ရရှိပါက ယင်းအဖွဲ့များကို ပြည်တွင်းသို့ ဝင်ရောက်နိုင်ရေး သို့မဟုတ် ပြည်ပမှ ကူညီထောက်ပံ့နိုင်ရေး လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ဂ) ဒေသအတွင်းသို့ တင်သွင်းသည့် အရေးပေါ်ကူညီထောက်ပံ့ရေး ပစ္စည်းများ၊ ပြန်လည်ထူထောင်ရေး ပစ္စည်းများကို သက်ဆိုင်ရာတည်ဆဲဥပဒေအရ အခွန်အကောက်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

၄၃။ အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်ပါက တိုင်းဒေသကြီးအဖွဲ့ ဗဟိုကော်မတီသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီကို အမျိုးသားကော်မတီမှ တစ်ဆင့် တောင်းခံနိုင်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေသည် အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်နိုင်မှုကို ကျော်လွန်နေခြင်း၊

(ခ) အမျိုးသားကော်မတီက အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု အကူအညီတောင်းခံရန်လိုအပ်သည်ဟု ယူဆခြင်း၊

၄၄။ နည်းဥပဒေ ၄၃တွင် ဖော်ပြထားသော အကူအညီတောင်းခံမှုတွင် လိုအပ်သည့် အကူအညီ အမျိုးအစား၊ ပမာဏနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပါဝင်စေရမည်။

၄၅။ နိုင်ငံတကာ အကူအညီပေးသူများသည် ဘေးသင့်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်-

(က) ဒေသအတွင်းသို့ ဝင်ရောက်ရန်ရှိသည့်အခါ သက်ဆိုင်ရာ သံတမန်လမ်းကြောင်းမှဖြစ်စေ၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေး တာဝန်ခံသို့ တိုက်ရိုက်ဖြစ်စေ ဆက်သွယ်အကြောင်းကြားရမည်။

(ခ) ဒေသအတွင်းသို့ ဝင်ရောက်ဆောင်ရွက်သည့်အခါဒေသ၏ အချုပ်အခြာအာဏာ တည်မြဲရေး နယ်မြေတည်တံ့ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်ခြင်း

မရှိစေဘဲ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီးတို့ကို အကြောင်းပြု၍ ခွဲခြားခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ အမြတ်ထုတ်ခြင်း တို့မှ ရှောင်ကြဉ်ရမည်။

(ဃ) ဘေးသင့်သူများ၏ လူ့အခွင့်အရေးနှင့်ဂုဏ်သိက္ခာကို လေးစားရမည်။

(င) ဒေသအတွင်းသို့ ဝင်ရောက်ခြင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊ ပြန်လည်ထွက်ခွာခြင်း၊ တူညီဝတ်စုံများ၊ အမှတ်အသားတံဆိပ်များနှင့် သက်သေခံ ကတ်ပြားများ အသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(စ) ပြည်ပမှဖြစ်စေ၊ ပြည်တွင်းသို့ဝင်ရောက်၍ဖြစ်စေ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာသံတမန်လမ်းကြောင်းမှဖြစ်စေ၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေး တာဝန်ခံသို့ တိုက်ရိုက်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ရမည်။

(ဆ) ဘေးသင့်သူများအတွက်ယေဘုယျအားဖြင့် အောက်ပါအထောက်အပံ့အကူအညီများ ပေးအပ်နိုင်သည်-

(၁) လှူဒါန်းငွေများ၊

(၂) နည်းပညာအကူအညီများ၊

(၃) စံချိန်မီသောအရေးပေါ်အကူအညီများ၊

(၄) အခြေခံအဆောက်အအုံများ အပါအဝင် အများပြည်သူ

ဆိုင်ရာ လွယ်ကူအဆင်ပြေသော အသုံးအဆောင်များ၊

၄၆။ နိုင်ငံတကာ အကူအညီပေးသူများသည် ဒေသအတွင်း၌ ဘေးသင့်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပေးသည့် ခွင့်ပြုချက်ရရှိမှသာ ဒေသအတွင်းသို့ ဝင်ရောက်ခြင်းနှင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ပြီးနောက် ပြန်လည်ထွက်ခွာခြင်းပြုနိုင်သည်။

၄၇။ နိုင်ငံတကာ အကူအညီပေးသူများသည် ဒေသအတွင်း၌ လူသားချင်း စာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေးလုပ်ငန်းများ ထမ်းဆောင်ချိန်တွင် ဝတ်ဆင်မည့် တူညီဝတ်စုံနှင့် တပ်ဆင်မည့် အမှတ်အသား တံဆိပ်တို့ကို ခွင့်ပြုနိုင်ရန် အမျိုးသားကော်မတီသို့ တင်ပြရမည်။

၄၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဗဟိုကော်မတီက ခွင့်ပြုထားသော မိမိတို့၏ဌာန၊ အဖွဲ့အစည်း အလိုက် တူညီဝတ်စုံဝတ်ဆင်ခြင်းနှင့် အမှတ်အသား တံဆိပ်တပ်ဆင်ခြင်း ပြုရမည်။

၄၉။ ဒေသအတွင်းရှိ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများမှ စေတနာ့ ဝန်ထမ်းများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များ ထမ်းဆောင်ချိန်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဗဟိုကော်မတီက ခွင့်ပြုထားသော မိမိတို့၏ ဌာန၊ အဖွဲ့အစည်းအလိုက် တူညီဝတ်စုံကို ဝတ်ဆင်ခြင်းနှင့် အမှတ်အသား တံဆိပ် တပ်ဆင်ခြင်းပြုရမည်။

၅၀။ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေးတာဝန်ခံသည် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) နိုင်ငံတကာအကူအညီပေးသူများသည် နိုင်ငံတော်၏ အိမ်နီးချင်း နိုင်ငံတစ်ခုခုတွင် သဘာဝဘေးအန္တရာယ် ကျရောက်သဖြင့် အရေးပေါ် ကူညီထောက်ပံ့ရေး လုပ်ငန်း များအတွက် ဖြတ်သန်းသွားရောက်ရန် ဒေသအတွင်း၌ စခန်းထောက်အဖြစ် ရပ်နား သည့်အခါဖြစ်စေ၊ နိုင်ငံတော်ပိုင်နက်နယ်မြေအတွင်း ပစ္စည်းလွှဲပြောင်း ပေးပို့သည့် အခါတွင်ဖြစ်စေ၊ နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်း၍ သွားလာသည့်အခါ ဖြစ်စေ ခွင့်ပြုချက်ရရှိရန် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေး တာဝန်ခံသို့ ကြိုတင်၍ လျှောက်ထားရမည်။

(ခ) နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေးတာဝန်ခံသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး နိုင်ငံတော်၏ အချုပ်အခြာနှင့် လုံခြုံရေးကို ထိခိုက်မှု မရှိပါက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီး နိုင်ငံတော်မှတစ်ဆင့်သွားလာမှု သို့မဟုတ် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်း၍ သွားလာမှု၊ ပစ္စည်းလွှဲပြောင်းပေးပို့မှု ပြုရာ၌ လိုအပ်သည့် အကူအညီများ ပေးရမည်။

(ဂ) နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေးတာဝန်ခံသည် နည်းဥပဒေခွဲ(ခ)အရ ခွင့်ပြု ပါ က နိုင်ငံတကာအကူအညီ ပေးသူများအား တည်ဆဲဥပဒေအရ ထမ်းဆောင်ရမည့် အခွန်အခများ ကင်းလွတ်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၅၁။ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီသည် ဒေသတွင်းသို့ ဝင်ရောက်ပြီး လုပ်ငန်းတာဝန်များထမ်းဆောင်ပြီးနောက် ပြည်ပသို့ ပြန်လည်ထွက်ခွာရမည့် နိုင်ငံတကာအကူအညီ ပေးသူများထံသို့၎င်းတို့ ပြန်လည် ထွက်ခွာရမည့်နေ့ရက်ကို နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက် နိုင်ရေး တာဝန်ခံမှတစ်ဆင့် ကြိုတင်အသိပေးအကြောင်းကြားရမည်။

## အခန်း(၁၁)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ

၅၂။ အစိုးရအဖွဲ့ဗဟိုကော်မတီက တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေကို ထူထောင်ရာ၌-

(က) အစိုးရ၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေ၊ ပြည်တွင်းပြည်ပမှ ချေးငွေများနှင့် အခြားတရားဝင်ရငွေများ၊

(ဂ) ဒေသဆိုင်ရာအဖွဲ့များ၊ ပြည်တွင်းပြည်ပရှိ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြား အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားငွေ၊

အရ အမျိုးသားကော်မတီ၏ခွင့်ပြုချက်ဖြင့် ရငွေများထူထောင်ထားရှိပြီး အစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေထိန်းသိမ်းရေး၊ သုံးစွဲရေးနှင့်စီမံခန့်ခွဲရေးတို့ အတွက် ဘဏ္ဍာရေးစည်းမျဉ်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး စာရင်း စစ်ချုပ်ရုံးတို့ ညှိနှိုင်းရေးဆွဲပြီး အစိုးရအဖွဲ့ ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ် ထားရမည်။

၅၃။ အစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို အောက်ပါကိစ္စရပ်များ အတွက် သုံးစွဲနိုင်သည်-

(က) တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးစီမံချက်ကို အကောင် အထည်ဖော်ခြင်း၊

(ခ) ကဏ္ဍအလိုက် သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းကို အကောင်အထည် ဖော်ခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊

(ဃ) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ၊

(င) ရေတို၊ ရေရှည် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ၊

၅၄။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့များသည် နည်းဥပဒေ ၅၃ ပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ခွဲဝေရရှိ သုံးစွဲမှု အခြေအနေများကို အမျိုးသားကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၅၅။ လုပ်ငန်းကော်မတီသည် ဒေသအတွင်းဆောင်ရွက်ရန်လိုအပ်သော ဘေးအန္တရာယ် စီမံခန့်ခွဲမှု စီမံကိန်းများ၊ အစီအစဉ်များကို အကောင်အထည်ဖော်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသည် လုံလောက်မှုမရှိဟုယူဆပါက ပြည်ထောင်စု ရန်ပုံငွေမှ သင့်လျော်သော ရန်ပုံငွေ ပမာဏကို ထပ်မံခွဲဝေသတ်မှတ်နိုင်ရေး အမျိုးသားကော်မတီသို့ အဆိုပြုတင်ပြနိုင်သည်။

၅၆။ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ဒေသအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာ၌ အစိုးရအဖွဲ့ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ကျခံသုံးစွဲ ရာတွင် လုံလောက်မှုမရှိပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်လျော်သော ငွေပမာဏကို ထည့်ဝင်ထောက်ပံ့နိုင်ရန် ပြည်ထောင်စုအစိုးရ အဖွဲ့၏ ခွင့်ပြုချက် ရရှိရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာနသို့ တင်ပြနိုင်သည်။

၅၇။ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန် စာရင်းရှင်းတမ်းများ ဖော်ပြထားသည့် အစီရင်ခံစာကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း များနှင့် အလှူရှင်များ ထင်သာမြင်သာသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၅၈။ တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့သည် မိမိတို့၏ ဒေသအတွင်း သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှကျခံသုံးစွဲရာတွင် လုံလောက်မှုမရှိပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲ မှုရန်ပုံငွေမှ သင့်လျော်သော ငွေပမာဏကို အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် ခွဲဝေထောက်ပံ့ နိုင်ရန် တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံသို့ တင်ပြနိုင်သည်။

၅၉။ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် နည်းဥပဒေ ၅၈ အရ တင်ပြချက်ကိုစိစစ်ပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ သင့်လျော်သောငွေပမာဏကို သက်ဆိုင်ရာ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေသို့ အမျိုးသား ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ခွဲဝေပေးနိုင်သည်။

၆၀။ တိုင်းဒေသကြီးစီမံခန့်ခွဲမှု အဖွဲ့သည်-

(က) အမျိုးသား ကော်မတီ၏ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးသဘာဝဘေး စီမံခန့်ခွဲမှု နည်းဥပဒေပုဒ်မ ၅၂အရ ထူထောင်ထားသော တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ပြုရမည်။

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို အမျိုးသား ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲရမည်။

(ဂ) တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ငွေစာရင်းများပြုစုခြင်းနှင့် စစ်ဆေးခြင်းတို့ ဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးဘဏ္ဍာရေး ဆပ်ကော်မတီအား တာဝန်ပေးရမည်။

(ဃ) တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေစာရင်းများကို တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

(င) တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ စာရင်းစစ် အစီရင်ခံစာကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အမျိုးသား ကော်မတီသို့ တင်ပြရမည်။

၆၁။ တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့သည် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေခွဲ ၆၀(က)အရ အောက်ပါရငွေများဖြင့် ထူထောင်သော တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်-

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) နိုင်ငံတကာ အကူအညီပေးသူများထံမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေများနှင့် အခြား တရားဝင်ရငွေများ၊

(ဂ) ပြည်တွင်းရှိအလှူရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြား အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေ၊

၆၂။ နည်းဥပဒေ ၆၁အရ ထူထောင်ထားသော တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို အောက်ပါကိစ္စရပ်များအတွက် တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်-

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာစေရေး လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊

(ခ) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများ၊

(ဂ) ရေတို၊ ရေရှည်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ။

## အခန်း(၁၂)

## အထွေထွေ

၆၃။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့က လွှဲအပ်တာဝန်ပေးထားသည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် အောက်ဖော်ပြပါ ရုံးလုပ်ငန်းများကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှ သင့်လျော်သော ဝန်ထမ်းများကို တာဝန်ပေးပြီး ယင်းဝန်ထမ်းများ၏ ဆောင်ရွက်ချက်ကို ကြီးကြပ်ရမည်-

(က) ရုံးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ မှတ်တမ်းများ ပြုစုခြင်း၊ ထိန်းသိမ်းခြင်း၊

(ခ) စာပေးစာယူ ကိစ္စများနှင့် ဆက်သွယ်ရေးကိစ္စများ၊

(ဂ) ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးကျင်းပသည့် ကိစ္စများ၊

(ဃ) လုပ်ငန်းတာဝန်ဆောင်ရွက်မှု အစီရင်ခံစာများ ပြုစုခြင်း၊

(င) ရုံးလုပ်ငန်းတာဝန် ကုန်ကျစရိတ်များကို ဦးစီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံ သုံးစွဲခြင်း။

၆၄။ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်သည် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီးတို့ကို အကြောင်းပြု၍ ခွဲခြားဆောင်ရွက်ခြင်း မပြုရ။

၆၅။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆိုနိုင်ရေးအတွက် တိုင်းဒေသကြီးစီမံခန့်ခွဲမှုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲမှုအဖွဲ့၏ ထောက်ခံချက်ဖြင့် ခရိုင်စီမံခန့်ခွဲမှု အဖွဲ့သို့ တင်ပြရမည်။

၆၆။ သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲမှုအဖွဲ့ သို့မဟုတ် မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၆၅အရ တင်ပြချက်ကို စိစစ်ပြီး တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသင့်/မပေးသင့် သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၆၇။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သည်-

(က) နည်းဥပဒေ ၆၆အရ တင်ပြချက်ကို စိစစ်ပြီး တရားစွဲဆိုရန် ကြိုတင်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခွင့်ပြုပါက တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

၆၈။ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေးတာဝန်ခံသည် အောက်ပါအချက်များအား ဆက်သွယ်ဆောင်ရွက်ပေးရမည်-

(က) နိုင်ငံတကာ အကူအညီပေးသူများနှင့် ပြည်တွင်းမှ အကူအညီပေးသူများသည် ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးနှင့် လျှော့ချပြန်ရေးတို့အတွက် နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် စံချိန်မီသော အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အခွန်အကောက်ပေးဆောင်ခြင်းမှ ကင်းလွတ် ခွင့်ပြုနိုင်ရန် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေးတာဝန်ခံ သို့ တင်ပြနိုင်သည်။

(ခ) နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရေးတာဝန်ခံသည် နည်းဥပဒေခွဲ(က)အရ တင်ပြချက်ကိုစိစစ်ပြီး နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အခွန်အကောက်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုသင့်ကြောင်း

တွေ့ရှိပါက ထိုသို့ကင်းလွတ်ခွင့်ပြုနိုင်ရန်ထောက်ခံချက်ဖြင့် ဘဏ္ဍာရေး ဝန်ကြီးဌာန သို့ အကြောင်းကြားနိုင်သည်။

(ဂ) တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေခွဲ (က) အရ တင်ပြသည့် သို့မဟုတ် နည်းဥပဒေခွဲ (ခ)အရ အကြောင်း ကြားသည့် သဘာဝ ဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အတွက် ကူညီထောက်ပံ့ရန်အလို့ငှာ နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ပြန်လည် ထူထောင်ရေး ပစ္စည်းများကို အခွန်အကောက် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိရေး ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

၆၉။ ဤနည်းဥပဒေများကို ထုတ်ပြန်ခြင်းမပြုမီ အမျိုးသား သဘာဝဘေးကာကွယ် စောင့် ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည့် သဘာဝ ဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်နှင့် ညွှန်ကြားချက်များသည် ဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

(ပုံ) ရဲမြင့်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့